**ကျောင်းသူကျောင်းသားများအတွက် ငွေကြေးဆိုင်ရာ အကူအညီ**

ဩစတြေးလျနိုင်ငံ အစိုးရသည် Youth Allowance နှင့် Austudy ကဲ့သို့သော ထောက်ပံ့ပေးငွေများမှ တစ်ဆင့် ရထိုက်သော ကျောင်းသူကျောင်းသားများအား ငွေကြေးဆိုင်ရာ အကူအညီ ပေးအပ်သည်။ ဤထောက်ပံ့ပေးငွေများကို Department of Human Services က ပေးသည်။

# Youth Allowance

Youth Allowance သည် အချိန်ပြည့် ပညာသင်ယူနေသည့်၊ အချိန်ပြည့် Australian Apprenticeship (ဩစတြေးလျန်း အလုပ်သင်) တက်ရောက်နေသည့်၊ အလုပ်ရှာနေသည့် သို့မဟုတ် နာမကျန်းဖြစ်နေသည့် အသက် ၁၆ နှစ်မှ ၂၄ နှစ်အထိ အသက်အရွယ်ရှိ လူများအတွက် ပေးသော ထောက်ပံ့ပေးငွေတစ်ရပ် ဖြစ်သည်။

# Austudy

Austudy သည် အချိန်ပြည့် ပညာသင်ယူနေသည့် သို့မဟုတ် အချိန်ပြည့် Australian Apprenticeship (ဩစတြေးလျန်း အလုပ်သင်) တက်ရောက်နေသည့် အသက် ၂၅ နှစ် သို့မဟုတ် အထက် အသက်အရွယ်ရှိ လူများအတွက်ပေးသော ထောက်ပံ့ပေးငွေတစ်ရပ်ဖြစ်သည်။

# Pensioner Education Supplement

Pensioner Education Supplement သည် Department of Human Services သို့မဟုတ် Department of Veterans' Affairs မှ ထောက်ပံ့ပေးငွေတစ်ရပ် လက်ခံရရှိသည့် ကျောင်းသူကျောင်းသားများအတွက် ပညာသင်ယူမှု ကုန်ကျစရိတ်များနှင့် ပတ်သက်၍ ကူညီသည်။

# Student Start-up Loan

Student Start-up Loan သည် Youth Allowance သို့မဟုတ် Austudy ရရှိကြသည့် ရထိုက်သော အချိန်ပြည့် ကျောင်းသူကျောင်းသားများအတွက် မိမိဆန္ဒအလျောက်ချေးယူမည်ဖြစ်သော ချေးငွေတစ်ရပ်ဖြစ်သည်။ ၎င်းကို အလိုအလျောက် မပေးပါ။ သင် လျှောက်ထားရန်လိုအပ်သည်။ သင်သည် ဝင်ငွေပမာဏ အချို့ စတင်ရှာ၍ရရှိသည်နှင့် တစ်ပြိုင်နက် အဆိုပါချေးငွေကို ပြန်လည်ပေးဆပ်ရပါမည်။

# Relocation Scholarship

Relocation Scholarship သည် ပညာသင်ယူနေစဉ် မိမိတို့၏ မိသားစုနှင့် ဝေးရာတွင် နေထိုင်ရသည့် Youth Allowance လက်ခံရရှိနေသော ရထိုက်သော ကျောင်းသူကျောင်းသားများအား ကူညီသည့် နှစ်စဉ် ထောက်ပံ့ပေးငွေတစ်ရပ်ဖြစ်သည်။

# အခြား အကူအညီ

အကယ်၍ သင်သည် Youth Allowance ၊ Austudy သို့မဟုတ် Pensioner Education Supplement ကို

လက်ခံရရှိခဲ့ပါက သင်သည် အောက်ပါတို့အတွက်လည်း ရထိုက်ကောင်း ရထိုက်နိုင်သည်။

## Education Entry Payment

Education Entry Payment သည် သင်၏ ကျွမ်းကျင်တတ်မြောက်မှုများနှင့် ပညာအရည်အချင်းများကို တိုးတက်လာစေရန် ပညာသင်ယူမှု သို့မဟုတ် လေ့ကျင့်သင်တန်း၏ ကုန်ကျစရိတ်များနှင့်ပတ်သက်၍ ကူညီသည်။

## Fares Allowance

Fares Allowance သည် ပညာသင်ယူရန်အတွက် မိသားစုနှင့် ဝေးရာတွင် နေထိုင်ရသည့် အဆင့်မြင့်ပညာကျောင်းသူကျောင်းသားများအတွက် ခရီးသွား ကုန်ကျစရိတ်များနှင့်ပတ်သက်၍ ကူညီသည်။

### ဈေးနှုန်းလျှော့ပေးမှုများနှင့် ထောက်ပံ့ကြေးများ

Health Care Card သို့မဟုတ် Rent Assistance ကဲ့သို့သော အခြား ဈေးနှုန်းလျှော့ပေးမှုများနှင့် ထောက်ပံ့ကြေးများကိုလည်း သင် ရရှိကောင်း ရရှိနိုင်သည်။

### ပိုမိုသိရှိလိုပါက

- အင်္ဂလိပ်ဘာသာဖြင့် အချက်အလက်များကို ပိုမိုသိရှိလိုပါက humanservices.gov.au/students ကို ဝင်ရောက်ကြည့်ရှုပါ။
- သင့် ဘာသာစကားဖြင့် အချက်အလက်များကို ဖတ်ရှုနိုင်၊ နားထောင်နိုင်သည့် သို့မဟုတ် ဗီဒီယိုများကို ကြည့်ရှုနိုင်သည့် humanservices.gov.au/yourlanguage ကို ဝင်ရောက်ကြည့်ရှုပါ။
- Centrelink ထောက်ပံ့ပေးငွေများနှင့် ဝန်ဆောင်မှုများနှင့် ပတ်သက်၍ သင့် ဘာသာစကားဖြင့် ကျွန်ုပ်တို့အား စကားပြောဆိုရန် **131 202** ဖြင့် ဖုန်းဆက်ပါ။
- Medicare နှင့် Child Support ပေးငွေများနှင့် ဝန်ဆောင်မှုများနှင့် ပတ်သက်၍ သင့် ဘာသာစကားဖြင့် ကျွန်ုပ်တို့အား စကားပြောဆိုရန် Translating and Interpreting Service (TIS National) (ဘာသာပြန်နှင့် စကားပြန် ဝန်ဆောင်မှုများဌာန) ကို **131 450** ဖြင့် ဖုန်းဆက်ပါ။
- ဝန်ဆောင်မှု စင်တာ တစ်ခုကို သွားပါ။

မှတ်ချက်- မိမိ၏ အိမ်ဖုန်းမှ ဩစတြေးလျနိုင်ငံ မည်သည့်နေရာတွင်မဆိုရှိသည့် '13' နံပါတ်များသို့ ဖုန်းခေါ်ဆိုမှုများကို ပုံသေဈေးနှုန်းတစ်ခုဖြင့် ဖုန်းခေါ်ခကောက်ခံသည်။ အဆိုပါဈေးနှုန်းသည် မြို့တွင်းခေါ်ဆိုမှုတစ်ခု၏ ဈေးနှုန်းနှင့် ကွဲပြားနိုင်ပြီး တယ်လီဖုန်း ဝန်ဆောင်မှုပေးသည့် ကုမ္ပဏီများအကြားတွင်လည်း အကွဲကွဲအပြားပြား ရှိနိုင်သည်။ မိမိ၏ အိမ်ဖုန်းမှ '1800' နံပါတ်များသို့ ခေါ်ဆိုမှုများမှာ အခမဲ့ဖြစ်ပါသည်။ အများပြည်သူသုံး တယ်လီဖုန်းများနှင့် လက်ကိုင်ဖုန်းများမှ ဖုန်းခေါ်ဆိုမှုများကို ဈေးပိုမိုကြီးသောနှုန်းထားတစ်ခုဖြင့် အချိန်မှတ်ပြီး ကျသင့်ငွေတောင်းခံနိုင်ပါသည်။

## တာဝန်မယူ ငြင်းဆိုချက်

ဤစာစောင်တွင် ပါရှိသည့် အချက်အလက်များကို ထောက်ပံ့ပေးငွေများနှင့် ဝန်ဆောင်မှုများအတွက် လမ်းညွှန်တစ်ခုအဖြစ်သာ ရည်ရွယ်ပါသည်။ သင် ထောက်ပံ့ပေးငွေတစ်ရပ် လျှောက်ထား လိုမလိုနှင့် သင်၏ သီးခြားအခြေအနေများနှင့်ပတ်သက်၍ လျှောက်လွှာတစ်စောင်တင်သွင်း လိုမလို ဆုံးဖြတ်ရန်မှာ သင့် တာဝန်ဖြစ်သည်။

# Financial assistance for students

The Australian Government provides financial help to eligible students through payments such as Youth Allowance and Austudy. These payments are administered by the Department of Human Services.

## Youth Allowance

Youth Allowance is a payment for people aged 16 to 24 who are studying full time, doing a full-time Australian Apprenticeship, looking for work, or are sick.

## Austudy

Austudy is a payment for people aged 25 or over who are studying full time or doing a full-time Australian Apprenticeship.

## Pensioner Education Supplement

The Pensioner Education Supplement helps with the costs of study for students getting a payment from the Department of Human Services or the Department of Veterans' Affairs.

## Student Start-up Loan

The Student Start-up Loan is a voluntary loan for eligible full-time students who get Youth Allowance or Austudy. It is not paid automatically; you need to apply for it. You have to pay the loan back once you start earning a certain amount of income.

## Relocation Scholarship

The Relocation Scholarship is an annual payment to help eligible students receiving Youth Allowance who need to live away from their family home while studying.

## Other assistance

If you receive Youth Allowance, Austudy, or the Pensioner Education Supplement, you may also be eligible for:

## Education Entry Payment

The Education Entry Payment helps with the costs of study or training to improve your skills and qualifications.

## Fares Allowance

Fares Allowance helps with the costs of travel for tertiary students who have to live away from home to study.

## Concessions and allowances

You may also be able to get other concessions and allowances such as a Health Care Card or Rent Assistance.

# For more information

- go to **humanservices.gov.au/students** for more information in English
- go to **humanservices.gov.au/yourlanguage** where you can read, listen to, or watch videos with information in your language
- call **131 202** to speak with us in your language about Centrelink payments and services
- call the Translating and Interpreting Service (TIS National) on **131 450** to speak with us in your language about Medicare and Child Support payments and services
- visit a service centre

Note: calls from your home phone to ‘13’ numbers from anywhere in Australia are charged at a fixed rate. That rate may vary from the price of a local call and may also vary between telephone service providers. Calls to ‘1800’ numbers from your home phone are free. Calls from public and mobile phones may be timed and charged at a higher rate.

## Disclaimer

The information contained in this publication is intended only as a guide to payments and services. It’s your responsibility to decide if you wish to apply for a payment and to make an application with regard to your particular circumstances.